

Cover Image: unsplash.com/@parisbilal

အမျိုးသားညီညွတ်ရေးအစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

အတွဲ (၃) အမှတ် (၆)

# သတင်းလွှာ

# MONREC Bulletin

31.July.2024

# မာတိကာ


ဇူလိုင်လအတွင်း ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ 1

၁။ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ (၆/၂၀၂၄) အစည်းအဝေး ကျင်းပခြင်း

၂။ (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်း

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း CDM ဝန်ထမ်းများအား ထောက်ပံ့ပေးမှု 6

ဇူလိုင်လအတွင်း တရားမဝင်သစ်ဖမ်းဆီးရရှိမှု 6

ပြည်ထောင်စုဝန်ကြီး စကားသံ 9

ကာတွန်းကဏ္ဍ 10

ဆောင်းပါးကဏ္ဍ 10

"ကမ္ဘာ့ထိန်းသိမ်းရေးနယ်မြေ ဝန်ထမ်းများနေ့"

ကဗျာကဏ္ဍ 16

"ခေတ်"

ဩဂုတ်လအတွင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့

အထိမ်းအမှတ်နေ့များ 17

စာမူဖိတ်ခေါ်ခြင်း 17


၁


## ဇူလိုင်လအတွင်း ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ


### ၁။ ပြည်ထောင်စုအဆင့် သယံဇာတစီမံ အုပ်ချုပ်မှုအဖွဲ့၏ (၆/၂၀၂၄) အစည်းအဝေး ကျင်းပခြင်း

ပြည်ထောင်စုဝန်ကြီးချုပ်မှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ပြည်ထောင်စုအဆင့် သယံဇာတစီမံ အုပ်ချုပ်မှုအဖွဲ့၏ (၆/၂၀၂၄) အစည်းအဝေး ပထမပိုင်းကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် လည်းကောင်း၊ အစည်းအဝေး ဒုတိယပိုင်းကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်နေ့ တွင်လည်း ကောင်း ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာန နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့ မှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များ၊ ကိုယ်စားလှယ် အဖွဲ့ဝင် များ၊ ပြည်ထောင်စုဝန်ကြီးချုပ်ရုံးမှ အတွင်းဝန်နှင့်ရုံးအဖွဲ့

များ၊ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ အတွင်းရေးမှူး ရုံးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ ပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် "အစည်း အဝေးကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊








သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ အပါအဝင် တက်ရောက်လာသူများအားလုံး ဘေးကင်းလုံခြုံကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သပါကြောင်း၊

သယံဇာတဆိုတာ အကန့်အသတ်ဖြင့်သာ ဖြစ်တည် ထုတ်လုပ်ရရှိနိုင်တာဖြစ်ပြီး အများပြည်သူ ပိုင်ပစ္စည်းဖြစ်တာကြောင့် အတတ်နိုင်ဆုံး အများပြည်သူအကျိုးအတွက် ခံစားခွင့်ရှိရန် ပွင့်လင်း မြင်သာစွာ စီမံဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊ မြေပြင်မှာ သယံဇာတစီမံအုပ်ချုပ်မှု လုပ်ငန်း တွေကို နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်စေဖို့ အထူး သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့ခွဲများ၊ မြေပြင် ကွင်းဆင်း အဖွဲ့များကို တိုးချဲ့ဖွဲ့စည်းနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာန က ကြိုးစားဆောင်ရွက် ပေးဖို့၊ သယံဇာတစီမံအုပ်ချုပ်မှု မြို့နယ်အဖွဲ့တွေအနေနဲ့လည်း သယံဇာတစီမံခန့်ခွဲရာမှာ ပိုမို စနစ်ကျလာစေဖို့၊ TAB-NR အဖွဲ့ဝင် ဝန်ကြီးဌာနများ ကလည်း ယခင်ကထက်ပိုပြီး နီးနီးကပ်ကပ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြဖို့ အထူးအလေးပေးမှာကြားလိုပါကြောင်း" ပြောကြားခဲ့ပါ သည်။

ဆက်လက်၍ (၅/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက် ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့လုပ်ငန်းစဉ်

ဆောင်ရွက်ပြီးစီးမှုများကို ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့ အတွင်းရေးမှူးက တင်ပြခဲ့ပါသည်။ သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက တင်ပြကြပါသည်။ တင်ပြချက်များနှင့် ပတ်သက်၍ တက်ရောက်လာသည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ (၆/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြပြီးနောက် မှတ်တမ်းဓာတ်ပုံရယူကာ အစည်းအဝေးကို ရပ်နားခဲ့ပါသည်။

## ၂။ (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်း

(၇၇) နှစ်မြောက် အာဇာနည်နေ့ အောက်မေ့ဖွယ် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်းကို မုံရွာ မြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ) နှင့် သယံဇာတကော်မတီတို့ပူးပေါင်းပြီး စိုးမိုးနယ် မြေအတွင်း လမ်းဘေးဝဲယာတလျှောက် မန်ကျည်းပျိုးပင် ၃၀၀၊ ဝါးပျိုးပင် ၁၀၀ နှင့် ယမနေ ၅ ပင် စိုက်ပျိုးခဲ့ပါသည်။











## ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း CDM ဝန်ထမ်းများအား ထောက်ပံ့ပေးမှု

- ဝန်ကြီးရုံးရန်ပုံငွေ - ၆၈ ဦး (၂,၅၀၀,၀၀၀) ကျပ်
- ပြင်ပအလှူရှင် - ၉ ဦး (၁,၇၀၀,၀၀၀) ကျပ်

(၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း CDM ဝန်ထမ်း ၇၇ ဦးအတွက် (၄,၂၀၀,၀၀၀) ကျပ် ထောက်ပံ့ ခဲ့ပါသည်။)

## ဇူလိုင်လအတွင်း တရားမဝင်သစ်ဖမ်းဆီးရရှိမှု

- ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ **ကန့်ဘလူခရိုင်မှ ကျွန်း ခွဲသား (၃၇၀) ချောင်း (၁၀)တန်၊ အင် ခွဲသား (၃၃၅) ချောင်း (၅)တန်** အား မြို့နယ် ပ.က.ဖ အဖွဲ့ဝင်များနှင့် မြို့နယ် ပ.လ.ဖ အဖွဲ့ဝင်များမှ ဖမ်းဆီး ရမိခဲ့ပြီး ဝန်ကြီးဌာနမှ ထုတ်ပြန် ထားရှိသည့် ကြားကာလ လုပ်ထုံးလုပ်နည်းများအတိုင်း အရေးယူဆောင်ရွက်ပြီး ဖြစ်ပါ သည်။
- **ကသာခရိုင်မှ တရားမဝင် ကျွန်း ခွဲသား (၄၁.၀၄၀၄) တန်၊ သစ်မဟုတ်သည့် အခြားသစ် တောထွက်ပစ္စည်းများ၊** ဆက်စပ်ပစ္စည်းများနှင့် တရားခံများအား သယံဇာတ စီမံ အုပ်ချုပ် မှုမြို့နယ်အဖွဲ့ (TAB-NR) အဖွဲ့ဝင်များ၊ မြို့နယ် ပ.က.ဖ အဖွဲ့ဝင်များ၊ ပ.လ.ဖ အဖွဲ့ဝင်များ၊ တိုက်နယ် ပ.အ.ဖ များ၊ ပ.က.ဖ များ၊ ပ.လ.ဖ များမှ ဖမ်းဆီးရမိခဲ့ပြီး ဝန်ကြီးဌာနမှ ထုတ် ပြန်ထားရှိသည့် ကြားကာလ လုပ်ထုံးလုပ်နည်းများအတိုင်း အရေးယူဆောင်ရွက်ပြီး ဖြစ်ပါသည်။



- **ယင်းမာပင်ခရိုင်မှ တရားမဝင် ကျွန်း ခွဲသား (၁၆) ချောင်း (၀.၅) တန်၊ သစ်မာ ခွဲသား (၁၂၅) ချောင်း (၃.၇၅) တန်၊** ဆက်စပ်ပစ္စည်းများနှင့် တရားခံများအား သယံဇာတစီမံ အုပ်ချုပ်မှုမြို့နယ်အဖွဲ့ (TAB-NR)၊ ရပ်ကျေး ပ.က.ဖ များနှင့် အထောက်အကူပြုအဖွဲ့များ မှ ဖမ်းဆီးရမိခဲ့ ပြီး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကြားကာလ လုပ်ထုံးလုပ်နည်း များအတိုင်း အရေးယူဆောင်ရွက်ပြီး















ဖြစ်ပါသည်။

- **မော်လိုက်ခရိုင်မှ ကျွန်း ခွဲသား (၂၅၈၄) ချောင်း၊ (၄၈.၉၁၀၀) တန်၊ သစ်မာ သစ်လုံး (၁၄၁) လုံး (၉၀.၄၇၈) တန်**၊ ဆက်စပ်ပစ္စည်းများနှင့် တရားခံ (၃) ဦးအား သယံဇာတစီမံ အုပ်ချုပ် မှုမြို့နယ်အဖွဲ့ (TAB-NR) အဖွဲ့ ဝင်များ၊ နယ်မြေ ပ.က.ဖ များနှင့် ပ.လ.ဖ များမှ ဖမ်းဆီး ရမိခဲ့ပြီး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကြားကာလ လုပ်ထုံးလုပ်နည်းများအတိုင်း အရေးယူဆောင်ရွက်သွား မည်ဖြစ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး စကားသံ

"ဖြစ်ချင်တဲ့ ဆန္ဒထက် ဖြစ်သင့်တဲ့အရာကို ရွေးချယ်ရင်း တော်လှန်ရေးထဲ ခြေစုံပစ် ပါလာတာပဲ။ တခြားဘာများရွေးချယ်စရာရှိ သေးလဲ။"

ဒေါက်တာတူးခေါင် (ပြည်ထောင်စုဝန်ကြီး)

## ကာတွန်းကဏ္ဍ




## ဆောင်းပါးကဏ္ဍ

### "ကမ္ဘာ့ထိန်းသိမ်းရေးနယ်မြေ ဝန်ထမ်းများနေ့"

ကမ္ဘာပေါ်တွင် ကြိုးဝိုင်းများ၊ ဥယျာဉ်များနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေပေါင်း တစ် သိန်းကျော်ခန့်ရှိသည်။ ယင်းနယ်မြေများကို ထိန်းသိမ်းကာကွယ်ရန်၊ ယင်းနယ်မြေ ရှိ တောရိုင်း တိရစ္ဆာန်များ၊ တောတောင်အလှအပများ နှင့် ယဉ်ကျေးမှုဆိုင်ရာ နယ်မြေများကို ထိန်းသိမ်း ကာ ကွယ်ရန်အတွက် ထိန်းသိမ်းရေးဝန်ထမ်းများသည်





အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင် သည်။ ထိန်းသိမ်း ရေးဝန်ထမ်းများသည် ကမ္ဘာပေါ်ရှိ အလွန်ဝေးလံခေါင်ဖျား သည့် ဒေသများနှင့် စိန်ခေါ်မှုများစွာရှိသည့် ပတ်ဝန်းကျင် များတွင် အလုပ်လုပ်ကိုင်ရသည်။ ၎င်းတို့သည် သစ်တော ပြုန်းတီးမှုများ၊ တရားမဝင်အမဲလိုက်မှုများနှင့် အခြား သော ခြိမ်းခြောက်မှုများမှ ကာကွယ်ရန် အန္တရာယ်များ အကြား ၎င်းတို့၏ ဘဝများကို ရင်နှီးပေးအပ်ကာ ကမ္ဘာ ကြီး ကောင်းမွန်စွာ ဆက်လက်တည်ရှိနိုင်ရန် ထိန်းသိမ်း ကာကွယ်ပေးသည့် သူရဲကောင်းများ ဖြစ်ကြသည်။ ပတ်ဝန်း ကျင်ရှိ သယံဇာတအရင်းအမြစ်များနှင့် ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်မှု မရှိပါက လူသားများ၏ အလွန်အကျွံ ထုတ်ယူသုံးစွဲမှုများကြောင့် ယခုထက် ပိုမိုလျှင်မြန်စွာ ပျက်စီးဆုံးရှုံး နိုင်သည်။

ထိန်းသိမ်းရေးဝန်ထမ်းများသည် ၎င်းတို့၏တာဝန်များကို ထမ်းဆောင်စဉ် မတော်တဆ မှုများကြောင့်ဖြစ်စေ၊ တော ရိုင်းတိရစ္ဆာန်များ၏ အန္တရာယ်များကြောင့်ဖြစ်စေ၊ မြို့ပြ နှင့် ဝေးလံ ခေါင်ဖျားသည့် နယ်မြေများ၊ တောတောင်များ ရှိ သဘာဝအန္တရာယ်များကြောင့်ဖြစ်စေ ထိခိုက် ဒဏ်ရာ များ ရရှိခြင်း၊ သေဆုံးခြင်းများ ကြုံတွေ့ကြရသည်။ ထိုသို့ ကြုံတွေ့ရသည့် ဝန်ထမ်းများ ကို သတိရအောက်မေ့ရန်၊ ချီးကျူးဂုဏ်ပြုရန်နှင့် ၎င်းတို့ ဆောင်ရွက်သည့် ထိန်းသိမ်း

၁၂

ရေး လုပ်ငန်းများကို အသိအမှတ်ပြုရန်တို့အတွက် ကမ္ဘာ့ထိန်းသိမ်းရေးနယ်မြေ ဝန်ထမ်းများနေ့ (World Ranger Day) ကို သတ်မှတ်၍ အထိမ်းအမှတ်ပွဲများကို ကမ္ဘာတစ်ဝှမ်း ကျင်းပကြသည်။ ထို့ပြင် ယင်းအထိမ်းအမှတ်နေ့သည် ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝသယံဇာတများကို ထိန်းသိမ်းကာကွယ်ကြသည့် ကမ္ဘာတစ်ဝှမ်းရှိ ဝန်ထမ်းများကို ဂုဏ်ပြုခြင်းလည်းဖြစ်သည်။

ကမ္ဘာ့ထိန်းသိမ်းရေးနယ်မြေဝန်ထမ်းများနေ့သည် နှစ်စဉ် ဇူလိုင်လ ၃၁ ရက်နေ့ ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာထိန်းသိမ်းရေးဝန်ထမ်းများဖက်ဒရေးရှင်း (IRF)  က ၂၀၀၇ ခုနှစ်တွင် စတင် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ယင်းနေ့သည် IRF ကို ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့သည့် ၁၅ နှစ်မြောက် နှစ်ပတ်လည်နေ့လည်းဖြစ်သည်။ ထိုသို့ အထိမ်းအမှတ်နေ့ ကျင်းပခြင်းသည် ကမ္ဘာပေါ်ရှိ မျိုးသုဉ်းရန်အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန်များ၊ ယင်းတို့၏ ကျက်စားဒေသများနှင့် ဂေဟစနစ်များကို ကြိုတင်ကာကွယ်ရာတွင် ထိန်းသိမ်းရေးဝန်ထမ်းများ ၏ ကြိုးစားအားထုတ်မှုများကို အသိအမှတ်ပြုရန်၊ လူသားများ၏



၁၃

နှောင့်ယှက်ဖျက်ဆီးခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ကို ကြုံတွေ့နေရသည့် ကမ္ဘာ့ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ် ရေးဆောင်ရွက်လျက်ရှိသည့် တစ်ဦးချင်း (သို့) အဖွဲ့အစည်းများကို အသိအမှတ်ပြုရန်နှင့် ထိန်းသိမ်းရေးလုပ်ငန်းများဆိုင်ရာ အသိပညာများကို ပြည်သူများအကြားသိမြင်နိုးကြားမှု မြှင့် တင်ရန် အခွင့်အလမ်းတစ်ခုဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ထိန်းသိမ်းရေးနယ်မြေ ဝန်ထမ်းများနေ့၏ ဆောင်ပုဒ်သည် "30 by 30" ဖြစ်သည်။ ယင်းဆောင်ပုဒ်သည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (Convention on Biological Diversity CBD) ၏ ၁၅ ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ ညီလာခံတွင် ရေးဆွဲခဲ့သည့် ကူမင်း-မွန်ထရီရယ်ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာမူဘောင်၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် "၂၀၃၀ ပြည့် နှစ်၌ ကမ္ဘာ့ကုန်းမြေနှင့် ရေထုများ၏ ၃၀ ရာခိုင်နှုန်းကို ထိရောက်စွာထိန်းသိမ်း ကာကွယ်ရန်" ဟူသည့်အချက်ကို ထင်ဟပ်စေရန် သတ်မှတ်ခြင်းဖြစ်သည်။ ယင်းရည်မှန်းချက်ကို အောင်မြင် စွာ အကောင်အထည်ဖော်ဆောင်ရွက်

ရာတွင် ထိန်းသိမ်းရေးဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း မီးမောင်းထိုးပြထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် သစ်တောများ၊ သဘာဝရေမြေတောတောင်များ၊ တောရိုင်းတိရစ္ဆာန် များနှင့် ယင်းတို့၏ ကျက်စားဒေသများကို ထိန်းသိမ်းကာကွယ်ရန်အတွက် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို  ဖွဲ့စည်းသတ်မှတ်ထားသည်။ ယင်းနယ်မြေများတွင် စိန်ခေါ်မှုအမြောက်အမြားနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိသည့်  တစ်ဦးတစ်ယောက်ချင်းမှစ၍ အဖွဲ့အစည်းများအထိ အားလုံးကို အသိအမှတ်ပြု လေးစားသောအားဖြင့် ကမ္ဘာ့ထိန်းသိမ်းရေးနယ်မြေဝန်ထမ်းများနေ့တွင် ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ၁၉၉၅ ခုနှစ်တွင် လက်မှတ်ရေးထိုးဝင်ရောက်ခဲ့သည့်အတွက် ကူမင်း-မွန်ထရီရယ်ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာမူဘောင်ပါ ရည်မှန်းချက်များကို ပြည့်မြောက် စေရေး တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက်





ပြည်သူလူထုမှ ထိန်းသိမ်းရေးဆောင်ရွက်နေသူများ၏ လုပ်ငန်းများတွင် တက်စွမ်းသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုးကား

https://www.holidaycalendar.io/holiday/world-ranger-day.

https://thingreenline.org.au/for-rangers/world-ranger-day/

https://www.daysoftheyear.com/days/world-ranger-day/

Lion

## ကဗျာကဏ္ဍ

### "ခေတ်"

အရိပ်နေ အခက်ချိုးသလို
သေလောက်အောင်
ခြပိုးတွေ ထိုးခဲ့ကြ...။

အလှတရားကို
အလိုရမ္မက်နဲ့ခြုံလွှမ်းခဲ့ကြတော့
သဘာဝလည်း ပုံပျက်ခဲ့ကြရ။

လူတွေဟာ လူမပီသခဲ့ပုံများ
နွေဟာ နွေပီသကြောင်း
ပူပြရတယ်...။

စနစ်ပျက်ရဲ့နှစ်တစ်နှစ် အဆုံးသတ်တိုင်းမှာလည်း
အိုမင်းရင့်ရော်ခြင်းတွေပဲ ပေးခဲ့ပေါ့...

သက်မျိုးမောင်



Ministry of Natural Resources and Environmental Conservation - NUG

## ဩဂုတ်လအတွင်း သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့အထိမ်းအမှတ်နေ့များ



### ဩဂုတ်လ ၉ ရက်

အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့

## စာမူဖိတ်ခေါ်ခြင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သည် ပညာပေးကဏ္ဍများ တင်ဆက်ပေးလျက်ရှိရာ သယံဇာတ စီမံအုပ်ချုပ်ခြင်း၊ သဘာဝ ပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲ များနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့် ရှောက်ခြင်း၊ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပြဿနာများ အား ဖြေရှင်းဆောင်ရွက်ခြင်း၊ သတ္တု သယံဇာတများ စီမံ ခန့်ခွဲအသုံးချခြင်းနှင့် ဖက်ဒရယ်သယံဇာတ အုပ်ချုပ်မှု စနစ်နှင့် သက်ဆိုင် သော စာမူများ (ဆောင်းပါး၊ အတွေး အမြင် စာစု၊ မှတ်စုတို၊ ကဗျာ၊ ကာတွန်း) ကို မိမိတို့ နှစ်သက်ရာ ကလောင်အမည်ဖြင့် ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ပေးပို့လာသော စာမူရှင်များ၏

၁၈

သတင်းအချက်အလက် လုံခြုံရေးအတွက် အလေးထား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် MONREC Facebook Page Messenger (သို့) pramt@monrec.nugmyanmar.org  သို့ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ် ပါသည်။

MONREC Official Facebook:
https://www.facebook.com/MONRECNUGMyanmar

MONREC Official Website:
https://monrec.nugmyanmar.org/

MONREC Telegram Channel:
https://t.me/monrecnug2021

MONREC Official Twitter Account:
https://twitter.com/MONREC_NUG

အမျိုးသားညီညွတ်ရေးအစိုးရ
National Unity Government

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
Ministry of Natural Resources and Environmental Conservation